www.burmeseclassic.com

လူထုခေါင်းဆောင်

# ဒေါ်အောင်ဆန်းစုကြည်

## သမိုင်းဝင်မိန့်ခွန်း



လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အသက်(၆၁)နှစ်မြောက်
မွေးနေ့အထိမ်းအမှတ် အဖြစ် ထုတ်ဝေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခံရဲတာ
သတ္တိဆိုတာ
မှန်ပါတယ်။
ဒါပေမယ့်
လုပ်ရဲတဲ့
သတ္တိလည်း
ကျွမတို့
ရှိရပါမယ်



www.burmeseclassic.com

www.burmeseclassic.com



*(၁၉၉၆ ခုနှစ်ခန့်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပြည်နယ်တိုင်းစည်း တွေ ပြန်လည်ဖွဲ့စည်းစဉ်ကာလ ပထမဆုံး စတင်ဖွဲ့စည်းနိုင်တဲ့ ရောဝတီတိုင်းက တိုင်းစည်း တွေကို ပြောကြားခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သမိုင်းဝင် မိန့်ခွန်းကို ၂၀၀၆ ခုနှစ် ဇွန်လ ၁၉ ရက်မှာ ကျရောက်တဲ့ ဒေါ်အောင်ဆန်းစုကြည် မွေးနေ့အထိမ်းအမှတ်အဖြစ် ဖေါ်ပြအပ်ပါတယ်၊*

*အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်တွေကို ရည်ရွယ်ပြောဆိုတဲ့ မိန့်ခွန်းဖြစ်ပေမယ့် အဖွဲ့ချုပ်အဖွဲ့ဝင်တွေသာ မက မြန်မာနိုင်ငံသားတိုင်း လေ့လာမှတ်သားစရာတွေ ပါဝင်သလို ဒီကနေ့ခေတ်အခြေအနေအထိကို ကိုက်ညီနေတဲ့ မိန့် ခွန်းလည်း ဖြစ်ပြီး စာဖတ်သူရဲ့ ဇာတိမာန်ကို လိပ်ပြာနိုးပေးမှာ လည်း အသေအချာပဲ ဖြစ်ပါတယ်၊ )*

ကျမတို့ ဒီမိုကရေစီ အရေးတော်ပုံ စကတည်းက ရောဝတီတိုင်း မှာ ချုပ်ချယ်မှု ဖိနှိပ်မှုဟာ အများဆုံး ဖြစ်တယ်ဆိုတာ အများသိပြီးဖြစ်ပါတယ်၊ကျမကိုယ်တိုင်လည်း ရောဝတီတိုင်း စည်းရုံးရေးခရီး ထွက်ခဲ့ဖူးပါတယ်၊ ဘယ့် လောက် ရောဝတီတိုင်းမှာ ဖိနှိပ်မှုတွေရှိတယ်၊ ချုပ်ချယ်မှုတွေ ရှိတယ်ဆိုတာ တွေ့ခဲ့ရတယ်၊

ဒီလောက်ဖိနှိပ်မှုတွေ ချုပ်ချယ်မှုတွေ ရှိတဲ့ကြားကတည်းက ဒီမိုကရေစီအရေးအတွက် ဆက်ပြီးတော့ ဆောင်ရွက်သွားနိုင်တယ် ဆိုတာ တိုင်းအတွက် ဂုဏ်ယူစရာ ကိစ္စတခု ဖြစ်ပါတယ်၊ ကျမတို့ အလုပ်တခု လုပ်တဲ့အခါကျရင် ကျမတို့ ကိုယ့်ရဲ့ အင်အားတွေဟာ ဘာလဲ၊ ကိုယ့်ရဲ့ အားနည်းချက်တွေဟာ ဘာလဲဆိုတာဒါကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ရမယ်၊ ဧရာဝတီတိုင်းဟာ ဒီလောက်ထိ ရပ်တည်နိုင်တယ်ဆိုတာ အင်အားတခုအဖြစ် ကျမတို့ လက်ခံတယ်၊ဘာဖြစ်လို့လည်း ဆိုတော့ လူတိုင်းလူတိုင်းဟာ ကိုယ့်ကိုကိုယ် ဂုဏ်ယူနိုင်တဲ့ ကိစ္စတွေရှိတယ်ဆိုတာလည်း သိနိုင်ရမယ်၊ ကိုယ့်ကိုကိုယ် ဂုဏ်မယူနိုင်တဲ့သူ ကိုယ့်ကိုကိုယ် ယုံကြည်မှု မရှိနိုင်ဘူးဆိုရင်တော့ ကျမတို့ အောင်မြင်မှုရမှာမဟုတ်ဘူး၊ ဒီတော့ အတိုင်းအတာတခုအထိ ရောဝတီတိုင်းဟာ မိမိကိုယ်မိမိ ဂုဏ်ယူနိုင်တဲ့ တိုင်းတခု ဖြစ်တယ်၊ကိုယ့်ရဲ့ လုပ်ရပ် လုပ်ခဲ့တဲ့ ကိစ္စတွေ ဆောင်ရွက်ချက်တွေအတွက် ကိုယ်ကနေပြီးတော့ သိက္ခာရှိရှိနဲ့ ဂုဏ်ယူနိုင်တယ်ဆိုရင် ဒါ တဖက်က အသိအမှတ်ပြုရမယ်၊ တဖက်ကလည်း ကျမတို့ ထိရောက်သင့်သလောက် မထိရောက်ဘူးဆိုတာ ဒါ ရောဝတီတိုင်းတင်မဟုတ်ပါဘူး၊ ကျမတို့ မြန်မာနိုင်ငံတနိုင်ငံလုံးရဲ့ ဒီမိုကရေစီ လှုပ်ရှားမှုပဲ ဖြစ်ပါတယ်၊ အဲဒီလို ထိရောက်သင့်သလောက် မထိရောက်သလဲဆိုလို့ရှိရင်တော့ ခပ်တိုတိုနဲ့ ပြောရရင်တော့ ကျမတို့ သတ္တိအရာမှာ နည်းနေလို့ပဲလို့ ပြောရမှာဖြစ်ပါတယ်၊ တခြားဘယ်လိုပဲပြောပြော နောက်ဆုံးအနေနဲ့ ကြည့်လို့ရှိရင်တော့ သတ္တိပဲ၊ ကျမတို့ ခဏခ မေးပါတယ်၊ ဒီမြို့နယ်တွေမှာ ဘာဖြစ်လို့စည်းရုံးရေးက အောင်မြင်သင့်သလောက် မအောင်မြင်သလဲဆိုရင် အများအားဖြင့် တက်လာတဲ့အဖြေက ကြောက်လို့ ဆိုတဲ့အဖြေပဲ၊ ပြည်သူလူထုက စိတ်ဓါတ်ရှိပါတယ်၊ဒါပေမယ့် ကြောက်တယ်၊ ဘာကို ကြောက်သလဲ၊ ကျမတို့ ထပ်တလည်းလည်းမေးရပါတယ်၊ နောက် ဆုံးကျတော့ ကျမတို့ ကြောက်ဖို့ရာ ၂ ခုပဲရှိတယ်၊ ထောင်ကျရမှာ ကြောက်ရမယ်၊ စီးပွားရေး ပျက်ပြားရမှာ ကြောက်ရမယ်၊ ဒီနှစ်ခုပဲ ရှိတာကိုး၊ အာဏာပိုင်တွေက ဒီလက်နက် ၂ ခုနဲ့ပဲ ကျမတို့ကို ထိန်းချုပ်ထားတာဖြစ်တယ်၊

ထောင်ချမယ်၊ ဒါမှမဟုတ် စီးပွားရေးပျက်အောင် လုပ်မယ်၊ အဲဒီ ၂ ခုကို ကျမတို့ မရင်ဆိုင်နိုင်ဘူးလားဆိုတာတော့ ဒါ ကျမတို့ မေးရမယ်၊ ဘာဖြစ်လို့ မရင်ဆိုင်နိုင်ရမှာလဲ၊ အခုအခြေအနေအရ ကျမတို့ နိုင်ငံတနိုင်ငံလုံးဟာ ထောင်ချည်းပဲ၊ ဒီထောင်ကြီးထဲကနေ ထောင်သေးလေးကို ဝင်သွားရမှာ ဘာဖြစ်လို့ ကြောက်နေမှာလဲလို့ ကျမတို့ ပြန်မေးရပါမယ်၊ နောက်ပြီးတော့ စီးပွားရေးအရ ဆိုရင်လည်း ကျမတို့ တနိုင်ငံလုံး စီးပွားရေးအရ ပျက်စီးနေတာဖြစ်တယ်၊ တနိုင်ငံလုံး စီးပွားရေးအရ ပျက်စီးနေမှ ကိုယ်တဦးတည်း စီးပွားရေး ပျက်စီးမှာကို ကြောက်တယ်ဆိုတာ ဒါ အဓိပ္ပါယ် လုံးလုံးမရှိဘူး၊ ဒါကို ကျမတို့ ပြည်သူလူထု နားလည်အောင်လို့ စည်းရုံးရမယ်၊

ကျမတို့ အဖွဲ့ချုပ်ရဲ့ အခု ဆက်လက်ပြီး သွားမယ့် လမ်းဟာ ကြမ်းတယ်ဆိုတာ ကျမတို့ ထူးထူးထွေထွေ ရှင်းပြနေစရာမလိုဘူး၊ စထွက်ကတည်းက လမ်းက ကြမ်းတယ်၊ ဒီ ကြမ်းတဲ့ လမ်းနဲ့ ကျမတို့ အခုလို လျှောက်ခဲ့တာဟာ ၈ နှစ်တိုင်တိုင် ဖြစ်သွားပြီ၊ ဒီ ၈ နှစ်ကြားမှာ လမ်းဘေးမှာ ကျခဲ့တဲ့ ရဲဘော် ရဲ



*အခုအခြေအနေအရ ကျမတို့ နိုင်ငံတနိုင်ငံလုံးဟာ ထောင်ချည်းပဲ၊ ဒီထောင်ကြီးထဲကနေ ထောင်သေးလေးကို ဝင်သွားရမှာ ဘာဖြစ်လို့ ကြောက်နေမှာလဲလို့ ကျမတို့ ပြန်မေးရပါမယ်၊*

www.burmeseclassic.com

www.burmeseclassic.com

**(4)**

*ဒီမိုကရေစီရရှိရေးအတွက်
ဝင်လာတယ် ဆိုလို့ရှိရင်
ဘာကိုပဲရင်ဆိုင်၊ရင်ဆိုင်ရ
ဆက်ပြီးတော့ လုပ်ရမှာပဲ၊ အဲဒီတော့
အဲဒီလိုလုပ်ဖို့ကို သံဓိဋ္ဌာန်
ချလိုက်ကြပါ၊ စိတ်ပိုင်းချလိုက်ကြပါ–*



ဘက်တွေလည်း မနည်းဘူး၊ သိက္ခာရှိရှိ ကျခဲ့သူတွေလည်း ရှိတယ်၊သိက္ခာမဲ့စွာနဲ့ ကျခဲ့သူတွေလည်းရှိတယ်၊ သိက္ခာရှိရှိနဲ့ ကျခဲ့တယ်ဆိုတာ မိမိတို့ရဲ့ ယုံကြည်ချက်အရ အသက်ကို စတေးသွားတဲ့သူများဟာ သိက္ခာရှိရှိနဲ့ ကျခဲ့တဲ့သူတွေပဲ၊ သိက္ခာမဲ့စွာကျတယ်ဆိုတာ ကိုယ့်ရဲ့ ယုံကြည်ချက်ကို ကိုယ် မရပ်တည်နိုင်တာကြောင့် ကျမတို့ကို စွန့်ခွာသွားတဲ့သူတွေပဲ၊ တချို့ကျတော့ မစွန့်ခွာသယောင်ယောင်နဲ့ ကျမတို့အပေါ်မှာ သစ္စာဖေါက်ပြီးတော့ ဆက်ပြီး တော့ နေနေ တဲ့သူတွေရှိတယ်၊ အဲဒီသူတွေက ပြောင်ပြောင်တင်းတင်းနဲ့ ဖယ်ခွာသွားတဲ့ သူတွေထက် ပိုပြီးတော့ အောက်တန်းကျတယ်လို့ ကျမတော့ ဒီလိုပဲ သတ်မှတ်တယ်၊ (လက်ခုပ်သံများ)

ကိုယ့်ရဲ့ ယုံကြည်ချက်အရ ကိုယ် သတ္တိရှိရှိနဲ့ ဆက်ပြီးတော့ လုပ်ချင်တယ်ဆိုရင်၊ အဖွဲ့ချုပ်ရဲ့ မူတွေကို လက်မခံနိုင်ဘူးဆိုရင် အဖွဲ့ချုပ်ရဲ့ လုပ်ရပ်တွေအရ မလုပ်နိုင်ဘူးဆိုရင် အဖွဲ့ချုပ်ရဲ့ ဂုဏ်ရှိတဲ့ နာမည်ကိုတော့ ဆက်ပြီးတော့ မသုံးပါနဲ့လို့ ကျမ ပြောချင်တယ်၊(လက်ခုပ်သံများ)

ကျမတို့ အခုအချိန်မှာဆိုလို့ရှိရင် ကျမတို့အဖွဲ့ချုပ်ကို အာဏာပိုင်များက နည်းအမျိုးမျိုးနဲ့ ထိုးနှက်နေတယ်၊ အဆိုးဆုံးနည်းကတော့ ဥပဒေကို အလွဲသုံးစားတဲ့ နည်းပဲ၊ နေရာတကာမှာ ဥပဒေ ဥပဒေ အကြောင်းပြချက်နဲ့ ကျမတို့ အဖွဲ့ချုပ် အဖွဲ့ဝင်တွေကို ဖမ်းဆီးတယ်၊ ကျမတို့ အဖွဲ့ချုပ်ကို ထောက်ခံတဲ့သူတွေကို ဖမ်းဆီးတယ်၊ အမျိုးမျိုး ဥပဒေ အကြောင်းပြ အရေးယူတယ်၊ ဒီလိုအရေးယူတဲ့အခါမှာလည်း ပြောင်ပြောင်တင်းတင်းနဲ့ အရှက်မရှိ အရေးယူတဲ့ကိစ္စတွေပဲ၊ ကျမတို့ NLD ဆိုလို့ရှိရင် ကြမ်းခင်းဈေးက ၇ နှစ်လောက်ဖြစ်နေတယ်၊ ဘာပဲလုပ်လုပ် ၇ နှစ်လောက်ဖြစ်နေတယ်၊

အခု ကျမတို့ရဲ့ အိမ်ရှေ့မှာ ဟောပြောပွဲနဲ့ ပတ်သက်လို့ အရင်နှစ် ၁၁ လပိုင်းက ဖမ်းသွားတဲ့ ကလေး(၃)ယောက်ဆိုလို့ရှိရင် ဘာမှလည်း လုပ်တာမဟုတ်ဘူး၊ ဒီ အိမ်ရှေ့မှာရှိတဲ့ ရဲသားကိုလည်း လက်နဲ့တောင် ထိတာမဟုတ်ဘူး၊ ဒါတောင်မှာ ၃ နှစ်ဆိုပြီးတော့ ထောင်ဒဏ်ချလိုက်တယ်၊ အခု ၉ ရက်နေ့က ဖြစ်တဲ့ ကိစ္စဆိုလို့ရှိရင် အာဏာပိုင် အဖွဲ့အစည်းများက ချထားတဲ့ လုံခြုံရေးများရှိရဲ့သားနဲ့ ဘယ်သူကိုမှ လက်နဲ့တောင်မှ မထိခဲ့ဘူး၊ လုပ်တဲ့သူတွေကို လက်နဲ့တောင်မှ မထိခဲ့တာ ကျမတို့မြင်ခဲ့ရတယ်၊ အဲဒီတော့ ကျမတို့နိုင်ငံမှာ ဥပဒေ စိုးမိုးရေးဆိုတာ လုံးလုံးမရှိဘူးဆိုတာ ထင်ရှားပါတယ်၊

ကျမတို့ကိုထိလို့ ကျမတို့ကိုလုပ်လို့ နာလို့ ကျမပြောတာမဟုတ်ပါဘူး၊ ဒီနိုင်ငံမှာ ဥပဒေ စိုးမိုးရေး လုံးလုံးမရှိဘူးဆိုတာ အင်မတန်မှာ ထင်ရှားတဲ့ သက်သေသာဓက ဖြစ်လို့ပြောတာဖြစ်ပါတယ်၊ အဲဒီတော့ ဥပဒေ စိုးမိုးရေးမရှိတဲ့ နိုင်ငံဟာ ဘယ်တော့မှ တည်ငြိမ်တဲ့နိုင်ငံမဟုတ်ပါဘူး၊ ရပ်ရွာအေးချမ်းသာယာရေးတို့ ဘာတို့ဆိုတာ အပြောပဲရှိမယ်၊ ဥပဒေကို မှန်မှန်ကန်ကန်မသုံးတဲ့အစိုးရဟာ ရပ်ရွာအေးချမ်းသာယာရေးကို ဘယ်တော့မှ ဆောင်နိုင်မှာ မဟုတ်ဘူး၊ ဘယ်တော့မှ အဲဒါတွေကို ဖြစ်မြောက်အောင် ဆောင်နိုင်မှာမဟုတ်ဘူး၊ ဒီဟာတွေဟာ စကားပဲ၊

တကယ်ပဲ ဒီနိုင်ငံကို တည်ငြိမ်စေချင်တယ် တိုးတက်စေချင်တယ်ဆိုရင် ပထမဦးဆုံး ဥပဒေ စိုးမိုးရေးရှိအောင် လုပ်ရမယ်၊ အဲဒီတော့ လောလောဆယ် အခု ၉ ရက်နေ့က ဖြစ်တဲ့ ကိစ္စနဲ့ ပတ်သက်လို့ ဘယ်လောက် အာဏာပိုင်များဟာ တရားမျှမျှတတ မှန်မှန်ကန်ကန် လုပ်တယ်မလုပ်ဘူးဆိုတာ ကြည့်ခြင်းအားဖြင့် ဒီနိုင်ငံကို တည်ငြိမ်အောင် လုပ်ပေးနိုင်တဲ့ စွမ်းရည် နဝတမှာ ရှိသလား မရှိဘူးလားဆိုတာ ကျမတို့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်၊ (လက်ခုပ်သံများ)

ဒီလိုကိစ္စတခုမှာ တကမ္ဘာလုံး သိနေတဲ့ကိစ္စတခုမှာ မှန်မှန်ကန်ကန်မလုပ်ပေးနိုင်တဲ့ အစိုးရဟာ ဘယ်တော့မှ ကျမတို့ နိုင်ငံကို တည်ငြိမ်အောင် လုပ်ပေးနိုင်တဲ့ အစိုးရ မဟုတ်ဘူးဆိုတာ ဆုံးဖြတ်နိုင်တယ်၊ (လက်ခုပ်သံများ)

ကျမတို့ရဲ့ စနေတနင်္ဂနွေဟောပြောပွဲတွေကို ပိတ်ဆို့ခဲ့တယ်၊ ပိတ်ဆို့တဲ့ နည်းတွေကလည်း အင်မတန်မှ သိက္ခာ

www.burmeseclassic.com

www.burmeseclassic.com



မဲ့တဲ့ နည်းတွေနဲ့ ပိတ်ဆို့ခဲ့တယ်၊ မပိတ်ဆို့ခင်မှာ အစိုးရရဲ့ သတင်းစာတွေထဲမှာ အမျိုးမျိုး ကျမတို့ရဲ့ ဟောပြောပွဲတွေကို တိုက်ခိုက်တဲ့စာတွေကို ရေးခိုင်းကြတယ်၊လမ်းပိတ်ဆို့တယ်၊ ယာဉ်အသွားအလာ နှေးသွားတယ်၊ ဟော–သူတို့လမ်းပိတ်ဆို့လိုက်တော့ ယာဉ်တွေက နှေးသွားရုံတင်မကဘူး၊ လုံးလုံးကို မသွားရတော့ဘူး၊ အဲဒီတော့ အာဏာပိုင်တွေက သူတို့ လုပ်ချင်ရင်တော့တမျိုး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လုပ်ချင်ရင်တော့ တမျိုးဆိုပြီးတော့ ဒီလိုမြင်တာကိုက ဒါ ဥပဒေ စိုးမိုးရေးမရှိဘူး၊ ဥပဒေအောက်မှာ လူတိုင်းဟာ တန်းတူညီတူဖြစ်ရ မယ်၊ ကျမ ခဏခဏပြောပါတယ်၊ ဥပဒေအောက်မှာ လူတိုင်း ဟာ တန်းတူညီတူရှိမှ ကျမတို့ ဘဝတွေဟာ လုံခြုံမှုရှိမှာ ဖြစ်ပါတယ်၊ကိုယ်မှားရင် ကိုယ်ခံရမယ်၊ သူမှားရင် သူ ခံရမယ်၊ ဒီလိုအသိရှိမှသာ ကျမတို့ ပြည်သူလူထုဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေနိုင်မှာ ဖြစ်ပါတယ်၊

ကျမတို့ အဖွဲ့ချုပ် လုပ်ငန်းတွေကို အမျိုးမျိုး နှောင့်ယှက်နေတယ်၊ နှောင့်ယှက်တဲ့ကြားထဲက လုပ်ရမှာ ဖြစ်ပါတယ်၊ မလုပ်လို့ မဖြစ်ဘူး၊ ဘယ်လိုနည်းနဲ့ မဆို ကျမတို့ လုပ်ရမှာပဲ၊ အစကတည်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲကို ဝင်လာတုန်းက ကျမတို့ ဒီမိုကရေစီ ရရှိရေးအတွက် ဝင်လာတယ်ဆိုပြီးတော့ ဝင်လာကြတဲ့သူတွေပဲ၊ ဒီမိုကရေစီ ရရှိရေးအတွက် ဝင်လာတယ်ဆိုလို့ရှိရင် ဘာကိုပဲရင်ဆိုင် ရင်ဆိုင်ရဆက်ပြီးတော့ လုပ်ရမှာပဲ၊ အဲဒီတော့ အဲဒီလိုလုပ်ဖို့ကို သံဓိဋ္ဌာန် ချလိုက်ကြပါ၊ စိတ်ပိုင်းချလိုက်ကြပါ (လက်ခုပ်သံများ)

ထောင်ထဲကိုတော့ ကျမ ဘယ်သူကိုမှ မဝင်စေချင်ဘူး၊ ထောင်ထဲရောက်သွားတယ်ဆိုရင် အင်မတန်မှ အလုပ်ပျက်ပါတယ်၊ ဒါပေမယ့် ဝင်သင့်ရင်တော့ ဝင်ရမှာပဲ၊ဒါ မလွှဲမရှောင်သာတဲ့ကိစ္စပဲ၊ကျမတို့ ခေါင်းဆောင်တွေထဲကလည်း ထောင်ထဲကနေပြီးတော့ ထွက်ခဲ့သူတွေလည်း ရှိတယ်၊ အခုလောလောဆယ်လည်း ထောင်ထဲမှာ ဆက်ပြီးတော့ ရှိနေတဲ့သူတွေလည်း ရှိကြတာပဲ၊ ဒါကတော့ မလွှဲသာ မရှောင်သာတဲ့ကိစ္စ၊

နောက်ပြီးတော့ ကျမတို့ရဲ့ အလုပ်ဟာ ပြည်သူ လူထု ကြားထဲကို ရောက်တဲ့အလုပ်ဖြစ်ရပါမယ်၊ ပြည်သူလူထုနဲ့ အမြဲတမ်းနွယ်နေတဲ့အလုပ်ဖြစ်ရပါမယ်၊ ပြည်သူလူထုနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ အဆက်ပြတ်အောင် အာဏာပိုင်တွေက အမျိုးမျိုး လုပ်ထားတယ်၊ ဒါကြောင့်မို့ စည်းရုံးရေး မဆင်းရဘူး၊ ဒါကြောင့်မို့ အစည်းအဝေးမလုပ်ရဘူး စသဖြင့် အမျိုးမျိုး ကန့်သတ်ထားတယ်၊ ဒီလို ကန့်သတ်ချက်တွေဟာ တကယ်တော့ တရားမဝင်ပါဘူး၊ ကျမတို့လို တရားဝင် နိုင်ငံရေးပါတီတခုအနေနဲ့ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေ လုပ်ပိုင်ခွင့်ရှိတဲ့ကိစ္စတွေကို ကန့်သတ်ထားတယ်ဆိုတာ တရားမဝင်ဘူး၊ အဲဒီတော့ ကျမတို့ စိန်ခေါ်ရမှာပဲ၊ စိန်ခေါ်ဖို့ အဆင်သင့်လုပ်ရမှာပဲ၊ စိန်ခေါ်လိုက်လို့ရင်ဆိုင်ရမယ့် အန္တရာယ် တွေကိုလည်း ရင်ဆိုင် ဖို့ ကျမတို့ အဆင်သင့်ရှိရပါမယ်၊

အဖွဲ့ချုပ်တခု ဒီလို နိုင်ငံရေးပါတီတခုဆိုတာဟာ တခုလုံးက လှုပ်ရှားနေရပါမယ်၊ အရှေ့ကနေချည်း လှုပ်ရှားနေလို့ မဖြစ်ပါဘူး၊ လူတိုင်းက ပြောလာပါတယ်၊ကျမတို့ အဖွဲ့ချုပ်ဟာ ဘာနဲ့ တူနေသလဲဆိုတော့ ခေါင်းပဲလှုပ်ပြီး လေဖြတ်နေတဲ့ လူနဲ့ တူနေပြီလို့ ဝေဖန်လာပါတယ်၊ အဲဒီလိုဝေဖန်တယ်ဆိုတာ အများကြီး ရှက်စရာကောင်းပါတယ်၊ ကျမတို့ခေါင်းက ဘယ်လောက်ပဲ လှုပ်နေလှုပ်နေ ကိုယ်ကလည်း လှုပ်မှ လူစဉ်မှီမှာပေါ့၊ အဲဒီတော့ ခေါင်းကနေချည်း အလုပ်လုပ်နေလို့ မဖြစ်ပါဘူး၊

အဲဒီတော့ ကျမတို့ အဖွဲ့ချုပ်ဝင်တွေအားလုံးဟာ အလုပ်လုပ်ဖို့ လိုပါတယ်၊ ကိုယ့်အတွက်သိပ်ပြီးတော့ မစိုးရိမ်နေပါနဲ့၊ တဦးချင်းတဦးချင်းအတွက် ကိုယ့်အတွက်ပဲ စိုးရိမ်ပြီးတော့ မလုပ်ပဲနဲ့နေရင်တော့ နောက်ဆုံး ကိုယ်ပါ ပါသွားမှာပေါ့၊ ကျမတို့လုပ်နေတဲ့လုပ်ငန်း မအောင်မြင်ရင်တော့ ကျမတို့ တိုင်းပြည်တပြည်လုံး ပျက်မှာနော်၊ ဒီနိုင်ငံမှာ ဥပဒေစိုးမိုးရေး မရှိဘူးဆိုရင် ဒီနိုင်ငံက နိုင်ငံသူ နိုင်ငံသားအားလုံးဟာ တနေ့မဟုတ်တနေ့ ပျက်ဆီးမှာပဲ၊ ဥပဒေစိုးမိုးရေးမရှိတဲ့နိုင်ငံဟာ တရားမျှတမှု မရှိတဲ့ နိုင်ငံပဲ၊ တရားမျှတမှု မရှိတဲ့နိုင်ငံဟာ လူစဉ်မှီမှီ မနေနိုင်တဲ့ နိုင်ငံပဲ၊ ကျမတို့ လူနဲ့တူအောင် နေနိုင်မှာ မဟုတ်ဘူး၊ လူနဲ့တူအောင် မနေနိုင်တဲ့ နိုင်ငံမှာ နေရမှာတော့ နေရကျိုးလည်း မနပ်ပါဘူး၊ အဲဒီကြောင့်မို့ သတ္တိရှိရှိနဲ့ ကျမတို့ရဲ့ လမ်းစဉ် အောင်မြင်ရေးအတွက် လုပ်ကြပါ၊

ညွှန်ကြားချက် စောင့်ပြီးတော့ လုပ်တဲ့အလုပ်မျိုးကိုလည်း မလုပ်ကြပါနဲ့၊ ကျမတို့ ညွှန်ကြားချက်ကို ပေးသင့်သလောက်ပေးမယ်၊ ပေးနိုင်သလောက်ပေးမယ်၊ ဒါပေမယ့် ဒီ

---

*လူနဲ့တူအောင် မနေနိုင်တဲ့*
*နိုင်ငံမှာ နေရမှတော့*
*နေရကျိုးလည်း မနပ်ပါဘူး၊*
*အဲဒါကြောင့်မို့ သတ္တိရှိရှိနဲ့*
*ကျမတို့ရဲ့ လမ်းစဉ်*
*အောင်မြင်ရေးအတွက်လုပ်ကြပါ၊*

www.burmeseclassic.com

www.burmeseclassic.com



မိုကရေစီ ဆိုကတည်းကိုက ဒါ ပြည်သူလူထုရဲ့ အုပ်ချုပ်မှုပဲ၊ အောက်ခြေကနေပြီးတော့ ကိုယ်လုပ်သင့်လုပ်ထိုက်တာတွေကို တာဝန်သိသိနဲ့ လုပ်ရဲရမယ်၊ လုပ်ရမယ်၊ အောက်ခြေကနေပြီးတော့ ကိုယ်လုပ်သင့်လုပ်ထိုက်တာတွေ ကို တာဝန်သိသိနဲ့ မလုပ်ရဲပဲနဲ့ အပေါ်ကခိုင်းမှလုပ်မယ်ဆိုရင် ဗဟိုဦးစီးစနစ်နဲ့ ဘာမှမကွာဘူး၊အဲတော့ ဘာဖြစ်လို့ မဆလကို ဖြုတ်ချခဲ့လဲလို့ ကျမက ပြန်မေးရမယ်၊ (လက်ခုပ်သံများ)

အဲဒီလို အပေါ်က ခိုင်းမှ လုပ်ချင်တယ်ဆိုရင်တော့ မဆလနဲ့ပဲ ဆက်ပြီးတော့သွားနေမှ ပိုပြီးတော့အဓိပ္ပါယ် ရှိဦးမယ်၊ ကျမတို့က ဒီမိုကရေစီ အဖွဲ့အစည်း၊ အားလုံး အောက်ခြေကနေပြီးတော့ ကိုယ့်တာဝန်ကို ကိုယ်သိသိနဲ့ လုပ်နိုင်သမျှ ကိုယ် လုပ်သွားရမယ်၊ ကျမတို့ အပေါ်ကလည်း အရှေ့က ခေါင်းဆောင်တဲ့သူတွေကလည်း ကျမတို့တာဝန်ကို ကျမတို့ သိသိနဲ့ လုပ်နိုင်သမျှ လုပ်သွားမယ်၊ ဒီကြားထဲမှာတော့ အဆက် အစပ်ကတော့ ရှိရမယ်၊ဒီကြားထဲမှာတော့ အဆက် အစပ်ရှိဖို့ ဘာအရေးကြီးလဲဆိုတော့ ပြည်နယ်တိုင်း စည်းတွေက အင်မတန်အရေးကြီးတယ်၊ ပြည်နယ်တိုင်းစည်းများဆိုတာ ဗဟိုနဲ့ မြို့နယ်များကြားထဲမှာ ဆက်သွယ် ပေးထားတဲ့ အဖွဲ့အစည်းတွေဖြစ်တယ်၊ ဒါကြောင့်မို့ အခု ကျမတို့ ပြည်နယ်တိုင်း စည်းများကို ပြန်လည်ပြီး ဖွဲ့စည်းပေးလိုက်တာဖြစ်တယ်၊ ဒီလိုပြန်ပြီးတော့ ဖွဲ့စည်းတဲ့နေရာမှာ အရင်တုန်းက လူဟောင်းတွေလည်း ပါတယ်၊ လူသစ်တွေလည်းပါတယ်၊

လုပ်တဲ့ကိုင်တဲ့နေရာမှာတဦးနဲ့တဦး သဘောထား မတူညီတဲ့ သူတွေလည်းပါတယ်၊ ဒါပေမယ့် သဘောထားမတူညီတယ်ဆိုတာ ဒါ ဒီမိုကရေစီရဲ့ အနှစ်သာရပဲ၊ သဘောထား တခုတည်းနဲ့ လုပ်တဲ့အဖွဲ့အစည်းဆိုတာ ဒါ ဒီမိုကရေစီအဖွဲ့အစည်း မဟုတ်ဘူး၊သဘောထားမတူညီသော်လည်း ညှိနှိုင်းနိုင်ရမယ်၊ ညှိနှိုင်းပြီးတော့ အဖြေတခုပေါ်အောင် ရှာနိုင်ရမယ်၊ အဲဒီလို ညှိနှိုင်းပြီးတော့ အဖြေတခုပေါ်အောင် ရှာနိုင်မှ ဒီမိုကရေစီ မည်တယ်၊ ဒါကြောင့်မို့ ကျမတို့ကို နဝတအနေနဲ့ ဘယ်လိုပဲ ပါတီစုံ ဒီမိုကရေစီကို ဦးတည်နေတယ်ပြောပြော ညှိနှိုင်းဆွေးနွေးမှုကို လက်မခံသေးရင် သူတို့ရဲ့စကားဟာ မတည်ဘူးလို့ပဲ ကျမတို့ ပြောရမှာပဲ၊ (လက်ခုပ်သံများ)

ညှိနှိုင်းဆွေးနွေးမှုကို လက်မခံနိုင်တဲ့အဖွဲ့အစည်း ဆိုတာ ဒီမိုကရေစီကို လက်မခံနိုင်တဲ့အဖွဲ့အစည်းပဲ၊ ဒီတော့ ညှိနှိုင်းဆွေးနွေးမှုကို ဘယ်လိုဆင်ခြေနဲ့ပဲဖြစ်ဖြစ် ပယ်တဲ့ အဖွဲ့အစည်းဆိုတာ ဒီမိုကရေစီကို ပယ်တဲ့အဖွဲ့အစည်းပဲ၊ ညှိနှိုင်းဆွေးနွေးမှုကို လက်မခံသရွေ့ နဝတဟာ ပါတီစုံ ဒီမိုကရေစီ လမ်းစဉ်ကို သွားနေတာ မဟုတ်ဘူးလို့ ဆုံးဖြတ်ရမှာဖြစ်တယ်၊ (လက်ခုပ်သံများ)

ဒီအတိုင်းပဲ ကျမတို့ အဖွဲ့ဝင်များဟာ ဒီမိုက ရေစီ သဘောတရားကို ယုံကြည်တယ်ဆိုလို့ရှိရင် ညှိနှိုင်းဆွေးနွေးမှုနဲ့ အချင်းချင်းကြားမှာ သဘောမတူညီတာတွေရှိလို့ရှိရင် ဒါကို အဖြေရှာရမယ်၊ အဖြေရှာနိုင်ရမယ်၊ အဲဒီဟာကို အဖြေမရှာနိုင်လို့ရှိရင် ဒါ ကျမတို့ ဒီမိုကရေစီနည်းကျကျ မလုပ်နိုင်ဘူးဆိုတာကို ပြတာပဲ၊

အခု ပြည်နယ်တိုင်း စည်းတွေကို ကျမတို့ ယာယီ ၆ လ ဆိုပြီးတော့ ပြန်ပြီးတော့ ဖွဲ့စည်းလိုက်တယ်၊ အခု ပြန်ပြီးတော့ ဖွဲ့စည်းလိုက်တဲ့ ပြည်နယ်နဲ့ တိုင်းစည်းများပေ့ါလေ၊ ပြည်နယ်နဲ့တိုင်း အားလုံးကတော့ပြန်ပြီးတော့ ဖွဲ့စည်းလို့ မပြီးသေးပါဘူး၊ ဒီ ခြောက်လအတွင်းမှာ ဘယ်လောက် ထိထိရောက်ရောက် ဒီ စည်းသစ်တွေက လုပ်နိုင်လည်းဆိုတာ ကျမတို့ ပြန်ပြီးတော့ သုံးသပ်မှာ ဖြစ်ပါတယ်၊ အဲဒီ ထိရောက်မှုပေါ်မှာ မူတည်ပြီးတော့ ၆ လကြာတဲ့အခါကျရင် ကျမတို့ ပြန်

*ရှေ့ဆောင်တယ်ဆိုတာ တိုင်းပဲဖြစ်ဖြစ် မြို့နယ်ပဲဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်တဦးတယောက်ပဲဖြစ်ဖြစ် ရှေ့ဆောင်ပြီဆိုမှဖြင့် ကိုယ်ဟာ တခြားသူတွေထက်ပိုပြီးတော့ ကြိုးစားရမယ်၊ တခြားသူတွေထက်ပိုပြီးတော့ စွန့်လွှတ်ရမယ်၊ တခြားသူတွေထက်ပိုပြီးတော့ စွန့်စားရမယ်၊ ကိုယ့်ရဲ့ ရှေ့ဆောင်နေပါတယ်ဆိုတဲ့ အနေအထားကို ကိုယ်ကနေပြီးတော့ သိက္ခာရှိရှိနဲ့ ထိန်းသိမ်းသွားရမယ်၊*



www.burmeseclassic.com

www.burmeseclassic.com





ပြီးတော့ သုံးသပ်ပြီးတော့ ပိုပြီးတော့ ကျစ်လစ်ခိုင်မာတဲ့ ပြည်နယ်တိုင်းစည်းများကို ကျမတို့ ပြန်ပြီးတော့ ဖွဲ့မှာဖြစ်ပါတယ်၊

အဲဒီတော့ ဒီကြားထဲမှာ အလုပ်လုပ်ကြပါ၊ အလုပ်လုပ်တယ်ဆိုတာ ဒီမိုကရေစီအရ အလုပ်လုပ်တယ်ဆိုတာ စကားပြောတာလည်း ပါရပါတယ်၊ တချို့က စကားပဲ ပြောနေတယ် အလုပ်မလုပ်ဘူးလားလို့ ပြောလို့ ဒီမိုကရေစီ နည်းကျကျဆိုတာ စကားလည်း ပြောရတယ်၊ အလုပ်လည်း လုပ်ရတယ်၊

ကျမရှင်းပြဖူးပါတယ်၊ ပါလီမန်၊ ပါလီမန်ဆိုတဲ့ စကားလုံးဟာ စကားပြောတယ်ဆိုတဲ့ စကားလုံးက လာတာပါ၊ စုပေါင်းပြီးတော့ စကားပြောဆိုတဲ့ အဖွဲ့အစည်းတခုက ပါလီမန်က ဖြစ်လာတာပါ၊ အဲဒီတော့ ဘာဖြစ်လို့ စကားပြောရလဲ ဆိုတော့ ကျမတို့ စကားပြောခြင်းအားဖြင့် အဖြေရှာချင်လို့ပဲ၊ ပြဿနာတွေကို ဖြေရှင်းချင်လို့ပဲ၊ ကျမတို့က ပြဿနာကို ခဲနဲ့ပေါက်ပြီး တုတ်နဲ့ရိုက်ပြီး သေနတ်နဲ့ပစ်ပြီး ဖြေရှင်းချင်တဲ့ လူစားမျိုးမဟုတ်ဘူး၊ အဲဒီလို ဖြေရှင်းတဲ့နည်းတွေကိုလည်း ကျမတို့ လုံးလုံး အားမပေးနိုင်ဘူး၊ ဒါကြောင့်မို့ စကားပြောပြီးတော့ ပြဿနာတွေကို ဖြေရှင်းရမယ်၊ ဒါပေမယ့် စကားပြောပြီးတော့ ပြဿနာတွေ ဖြေရှင်းပြီးတော့ အဖြေတခုပေါ်ရင်တော့ ဒီအဖြေအရတော့ ကျမတို့ အလုပ်လုပ်ရမယ်၊ စကားပြောရုံနဲ့တော့ မပြီးသေးဘူး၊ စကားပြောတယ်ဆိုတာ ဘာလုပ်ရမလဲဆိုတာကို အဖြေရှာဖို့ပဲ ပြောတာ၊ အဖြေရပြီဆိုရင်တော့ ကျမတို့ အလုပ်လုပ်ရမယ်၊ ကျမတို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဟာ တတိုင်းပြည်လုံးမှ အလုပ်လုပ်နေတာပဲ ကျမတို့ မြင်ချင်တယ်၊ အခု ဧရာဝတီတိုင်းဆိုလို့ရှိရင် ပြည်နယ်တိုင်းစည်းတွေ ပြန်ပြီး ဖွဲ့ပြီးတဲ့အခါ ပထမဆုံး စပြီးတော့ စုစည်းတဲ့တိုင်းဖြစ်တယ်၊ ပထမဦးဆုံး စပြီးတော့ လှုပ်ရှားနိုင်တဲ့တိုင်းဖြစ်ရမယ်၊ အဲဒီလှုပ်ရှားမှုကိုကြည့်ပြီးတော့ ကျမတို့ အဖွဲ့ချုပ်ဟာ ဘယ်လောက်ထိ ထိရောက်နိုင်တယ်ဆိုတာ ခန့်မှန်းနိုင်မှာ ဖြစ်ပါတယ်၊ ဧရာဝတီလို ခက်ခဲတဲ့နေရာမှာ လှုပ်ရှားနိုင်မယ်ဆိုရင် တတိုင်း ပြည်လုံးမှာ လှုပ်ရှားနိုင်မှာဖြစ်ပါတယ်၊ ဒါကြောင့် ဧရာဝတီ တိုင်းဟာ ရှေ့ဆောင်တိုင်းအဖြစ် မိမိကိုယ်ကို မိမိ သတ်မှတ် ထားရမယ်၊

ရှေ့ဆောင်တယ်ဆိုတာ တိုင်းပဲဖြစ်ဖြစ် မြို့နယ်ပဲဖြစ်ဖြစ်၊ လူပုဂ္ဂိုလ် တဦးတယောက်ပဲဖြစ်ဖြစ် ရှေ့ဆောင်ပြီဆိုမှဖြင့် ကိုယ်ဟာ တခြားသူတွေထက် ပိုပြီးတော့ ကြိုးစားရမယ်၊ တခြားသူတွေထက် ပိုပြီးတော့စွန့်လွှတ်ရမယ်၊ တခြားသူတွေထက်ပိုပြီးတော့ စွန့်စားရမယ်၊ ကိုယ့်ရဲ့ ရှေ့ဆောင်နေပါတယ်ဆိုတဲ့အနေအထားကို ကိုယ်ကနေပြီးတော့ သိက္ခာရှိရှိနဲ့ ထိန်းသိမ်းသွားရမယ်၊

ဒီလို ရှေ့ဆောင်ရတဲ့တိုင်းမို့လို့ ငါတို့တော့ နာတော့မှာပဲလို့ စိတ်ဓါတ်ကျစရာ မရှိပါဘူး၊ နာရင်လည်း နာပေ့ါ၊ ခံလိုက်ရုံပေ့ါ၊ ခံနိုင်တယ်ဆိုကြပါ၊ (လက်ခုပ်သံများ)

ခံရုံနဲ့တော့မပြီးဘူးနော်၊ ခံရဲတယ်ဆိုတာ သတ္တိဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် လုပ်ရဲတဲ့သတ္တိလည်း ကျမတို့ရှိရပါမယ်၊ ခံနေရုံနဲ့တော့ မရဘူး၊ (လက်ခုပ်သံများ) လုပ်လည်း လုပ်ရမယ်၊ ခံလည်း ခံရမယ်၊ ကိုယ်လုပ်လို့ ကိုယ်ခံတယ်ပေ့ါ၊ မလုပ်ပဲနဲ့ ခံတာတော့ ခံရကျိုးမနပ်ဘူး၊ အဲဒီတော့ ပထမ လုပ်လိုက်၊ လုပ်ပြီးမှခံမယ်၊ (လက်ခုပ်သံများ)

ဘာမှမလုပ်ပဲနဲ့ ခံရတယ်ဆိုတာတော့ အဓိပ္ပါယ်ကို လုံးလုံးမရှိဘူး၊ ခံရဲတာ သတ္တိဆိုတာ ကိုယ်လုပ်ရင် ကိုယ်ခံရဲတယ်ဆိုတာကို ပြတာ၊ ဘာမှ မလုပ်ပဲနဲ့ ခံနေတာကို ပြောတာ မဟုတ်ပါဘူး၊ ကျမတို့လည်း တကယ်တော့ လုပ်နေတာပဲ၊ လုပ်နေတယ်ဆိုတာ အမျိုးမျိုးပေ့ါ၊ ဟောပြောပွဲ လုပ်တယ်ဆိုတာလည်း လုပ်တာပဲ၊ ဒီလို ဆွေးနွေးပဲ လုပ်တယ်ဆိုတာလည်း လုပ်တာပဲ၊ ဒီတော့ ဒီမှာတင်မကဘူး၊ ဒီခြံထဲမှာတင်မကဘူး၊ ဒီရန်ကုန်မှာတင်မကဘူး၊ ဒီပုသိမ်မှာတင်မကဘူး၊ ဒီ တိုင်းတတိုင်းမှာ တနိုင်ငံလုံးမှာ တချိန်လုံး လုပ်နေရမယ်၊ လုပ်လို့ခံရမယ်ဆို ရင်လည်း ခံပေ့ါ၊ တကယ့် စည်းရုံးရေး အင်အားဆိုတာဟာ ကိုယ့်ရှေ့က ဘယ်နှစ်ယောက်ပဲပါသွားသွား နောက်ကတက်နိုင်မယ့် ရဲဘော်တွေလည်း ရှိရမယ်၊ ဒါ ကျမ ၁၉၈၈ ကတည်းက ပြောခဲ့တာပါ၊ ကျမတို့ စည်းရုံးရေး ထွက်တဲ့အခါကျရင် မြို့နယ်တွေက အဖွဲ့ဝင်အရေအတွက် ဘယ်လောက်ရပြီ၊ ဘယ်နှစ်ယောက်ရပါပြီ၊ ဘယ်နှစ်ထောင်ရပါပြီ၊ ဘယ်နှစ်သောင်း ရပါပြီ၊ ဒီလိုပဲ ပြောတယ်၊ ကျမပြောပါတယ်၊ ဒီ ထောင်နဲ့ သောင်းနဲ့ ပြောနေလို့ အလကားပဲ၊ ထောင်ဂဏန်းပဲရှိရှိ၊ သောင်းဂဏန်းပဲရှိရှိ။ သောင်းဂဏန်းပဲရှိရှိ ဒါတွေဟာ အဓိက ကျတာ မဟုတ်ပါဘူး၊ ဒီအဖွဲ့ဝင်တွေထဲမှာ တကယ် ထိထိရောက်ရောက် လုပ်နိုင်တဲ့သူ ဘယ်နှစ်ယောက်ရှိလဲ၊ အရှေ့တန်းက

www.burmeseclassic.com

www.burmeseclassic.com




နေ ပါသွားလို့ရှိရင် နောက်တခါ ဒုတိယလိုင်းကနေ လိုက်နိုင်တဲ့သူ ဘယ်နှစ်ယောက်ရှိလဲ၊ ဒါဟာ အဓိကပဲ၊ ကျမတို့ စည်းရုံးရေး လုပ်တဲ့အခါ ကိုယ်က လုပ်တဲ့သတ္တိရှိလွန်းလို့ ခံသွားရလို့ရှိရင် ကိုယ့်နောက်ကနေလည်း လုပ်မယ့်သူတွေရှိအောင်တော့ စည်းရုံးထားရမယ်၊ နောက်ဆုံးတော့ ကျမတို့ရဲ့စည်းရုံးရေးဟာ ပြည်သူလူထု စည်းရုံးရေးပဲ၊ ပြည်သူလူထု အများစုကနေပြီးတော့ မားမားမတ်မတ်နဲ့ အဖွဲ့ချုပ်အနောက်ကနေပြီးတော့ ရပ်တည်နေမယ်ဆိုရင် ကျမတို့လုပ်ငန်းဟာ မုချ အောင်မြင်ရမယ်၊

အခု အကျယ်ချုပ်အားဖြင့်တော့ ၄၆ သန်းလုံး ပေါ့လေ၊ ၄၆ သန်းလုံး အကျယ်ချုပ် ချုပ်ခံနေရတယ်လို့ ဒီလိုပဲ ပြောရမှာပဲ၊ ဒါပေမယ့် ထောင်တွေထဲကိုတော့ ၄၆ သန်းမပြောနဲ့ ၁ သန်းတောင်မှ ထည့်နိုင်မှာ မဟုတ်ပါဘူး၊ ထောင်ထဲကို ဝင်ရဲတယ်ဆိုတဲ့ လူ ၁ သန်း၊ ထောင်ချရင်ချ လုပ်မယ်ဆိုတဲ့ လူ ၁ သန်းရှိမယ်ဆိုလို့ရှိရင်တောင် ကျမတို့ရဲ့ လှုပ်ရှားမှုဟာ မကြာခင် အောင်မြင်မှာပါ၊ အဲဒီတော့ လူ ၁ သန်း စည်းရုံးဖို့ဟာ ဒီလောက်ခက်သလား၊ တကယ်တော့ကျမတို့ အဖွဲ့ချုပ်ဝင် စာရင်းထဲမှာ ၁ သန်းထက်မက ရှိခဲ့ပါတယ်၊ ဒီ ၁ သန်းထက်မက ရှိတဲ့လူစာရင်းထဲမှာ ဘယ်နှစ်ယောက်က ထိထိရောက်ရောက် တကယ်ပဲ အနစ်နာခံပြီးတော့ လုပ်နိုင်တာလည်းဆိုတာ ဒါကို ကျမတို့ မေးခွန်းထုတ်ရမှာဖြစ်ပါတယ်၊ ၁ သန်းတောင် မလိုဘူး၊ ၁ သောင်းဆိုရင်တောင်မှ မနည်းပါဘူး၊ ကျမတို့ အခု အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသမားများဟာ ၂၀၀၀ လောက် ရှိမယ်လို့ ခန့်မှန်းရတယ်၊ တချို့ကလည်း ၁ ထောင်ကျော်ရှိမယ်၊တချို့ကလည်း ၃ ထောင်လောက်ရှိမယ်ဆိုတော့ ပျမ်းမျှခြင်းအားဖြင့် ၂ ထောင်လောက်ရှိမယ်ဆိုပါတော့၊ ဒီနိုင်ငံရေးအကျဉ်းသမားများဟာ ၂ ထောင်လောက်ရှိတယ်ဆိုတာတောင်မှ ကျမတို့ရဲ့ လှုပ်ရှားမှုကို တကမ္ဘာလုံးက အသိအမှတ်ပြုလိုက်နိုင်တဲ့အခြေအနေထိ ကျမတို့ လုပ်နိုင်ခဲ့တယ်၊ နိုင်ငံရေးအကျဉ်းသမားများ ၁ သောင်းထောက် ရှိနိုင်တဲ့အခြေအနေအထိ (ဒါကတော့ ထောင်ထဲမှာနေရာရှိတာမရှိတာ ပြောတာမဟုတ်ဘူးနော်) ထောင်ချရင်ချဆိုတဲ့ လူ ၁ သောင်းလောက်ရှိတယ်ဆိုရင်တော့ ဘာမှပြောစရာမလိုဘူး၊ ကျမတို့အောင်မြင်ရမှာ မုချပဲ၊ မြန်မြန်ဖြစ်ရမယ်၊ အနှေးနဲ့ အမြန်တော့ အောင်မြင်မယ်လို့ကျမတို့ ယုံကြည်တယ်၊ ဒါပေမယ့် မြန်တာတော့ ပိုကောင်းမယ်ထင်တယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ရှစ်နှစ်ဆိုတာလည်း ဒါ နည်းတဲ့ကာလတခုမဟုတ်ပါဘူး၊ နိုင်ငံရဲ့ သမိုင်းနဲ့စာရင် ၈ နှစ်ဆိုတာ သိပ်မကြာဘူးဆိုပေမယ့် လူတဦးတယောက်ရဲ့ သက်တမ်းနဲ့ စာလိုက်မယ်ဆိုရင်တော့ ၈ နှစ်ဆိုတာဟာ နည်းတဲ့ကာလမဟုတ်ပါဘူး၊ ဒီ ၈ နှစ်လုံးလုံး ကျမတို့ ရုန်းကန်ခဲ့ရတာတွေ အနစ်နာခံခဲ့ရတာတွေဟာ အနစ်နာခံရကျိုးနပ်အောင်လို့ ကျမတို့ ထပ်ပြီးတော့ ပိုပြီးတော့ ဝီရိယထုတ်ပြီးတော့ ကြိုးစား သွားရမှာဖြစ်ပါတယ်၊

ကျမတို့ အဖွဲ့ချုပ်အနေနဲ့ တတ်နိုင်သမျှ ဥပဒေဘောင်ထဲက လုပ်ခဲ့ပါတယ်၊ ဒါပေမယ့် တရားတဲ့ ဥပဒေနဲ့ မတရားတဲ့ ဥပဒေဆိုတာတော့ရှိတယ်၊ ကျမ တို့ ဟောပြောပွဲများကို တားဆီးတာမျိုးကိုတော့ တရားတယ်လို့ ကျမတို့ လက်မခံဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ တရားဟောပွဲလုပ်တယ်ဆိုတာ နိုင်ငံရေးအဖွဲ့အစည်းအားလုံး လုပ်ပိုင်ခွင့်ရှိတဲ့ကိစ္စတခုဖြစ်တယ်၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့လို ဘာကို ဘာမှန်းလဲမသိ နိုင်ငံရေးအဖွဲ့လိုလို ဘာလိုလို အဖွဲ့တောင်မှ သူတို့ ညီလာခံတွေ ဟောပြောပွဲတွေ လုပ်ပိုင်ခွင့်ရှိတယ်ဆိုလို့ရှိရင် ကျမတို့လို ပြည်သူလူထုက ထောက်ခံမှုရှိတဲ့ နိုင်ငံရေးအဖွဲ့အစည်းတခုဟာ ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ၊ ဒါ ကျမတို့ လုပ်ပိုင်ခွင့်ရှိတယ်၊ တတ်နိုင်သမျှ ကျမတို့ လုပ်သွားမှာပဲ၊ ဒီလိုဟာမျိုး ကန့်သတ် ချုပ်ချယ်တာကိုတော့ ကျမတို့ လက်မခံပါဘူး၊ မတရားသဖြင့် ကန့်သတ်ချုပ်ချယ်မှုကို ကျမတို့ ခံနေမယ်ဆိုရင်တော့ ဒီအဖွဲ့ဟာ တဖြည်းဖြည်း အင်အားတွေ လျော့သွားမှာပဲ၊ အင်အားတွေလည်း လျော့ခဲ့ပါတယ်၊ အရင် ၈ နှစ်အတွင်း အင်အားတွေ လျော့ခဲ့တာတွေ အများကြီးရှိတယ်၊ ဒီအင်အားတွေပြန်ပြီးတော့ ပံ့ပိုးဖို့ဆိုပြီးတော့ ပြန်လည်ဖွဲ့စည်းရေးလုပ်တာပါ၊ ပြန်လည်ဖွဲ့စည်းရေး လုပ်ပြီးတဲ့အချိန်ကနေ စပြီးတော့ ကျမတို့ အဖွဲ့ချုပ်ရဲ့ အလုပ်တွေဟာ အရှိန်အဟုန်တိုးလာတာကို ကျမတို့ မြင်ချင်တယ်၊ အရှိန်အဟုန်ကျလာတာကို ကျမတို့ လုံးလုံး မကြည့်ချင်ဘူး၊

အရှိန်အဟုန်တိုးလာလို့ အာဏာပိုင်များဖက်ကနေပြီးတော့ ပိုပြီးတော့ တိုးပြီးတော့ ဖိနှိပ်ချုပ်ချယ်လာမယ်



***လုပ်လည်း လုပ်ရမယ်၊ ခံလည်း ခံရမယ်၊ကိုယ်လုပ်လို့ ကိုယ်ခံတယ်ပေါ့၊ မလုပ်ပဲနဲ့ ခံတာတော့ ခံရကျိုး မနပ်ဘူး၊ အဲဒီတော့ ပထမ လုပ်လိုက်၊ လုပ်ပြီးမှခံမယ်၊***

www.burmeseclassic.com

ဆိုရင်တော့ ဒါတွေကို ကျမတို့ ခံနိုင်အောင်လို့တော့ လုံလ ထုတ်ရ မယ်၊ ဝီရိယ ထုတ်ရမယ်၊ မြောင်းမြက ဦးဇေယျ ပြော သွားသလိုပဲ အကောင်းဆုံးကို မျှော်လင့်ပြီးတော့ အဆိုးဆုံး အတွက် အမြဲ ပြင်ဆင်ထားရမယ်ဆိုတာ ၊ ဒါ ကျမ ခဏခဏ ပြောခဲ့ဖူးတာပဲ၊ နိုင်ငံရေးသမားအားလုံးဟာ ဒီဆောင်ပုဒ်လေး ကို ကိုယ့် ရဲ့ ကုတင်ခေါင်းရင်းမှာ ချိတ်ထားသင့်တယ်၊ အမြဲတမ်း အ ကောင်းဆုံးအတွက် မျှော်လင့်ပြီး အဆိုးဆုံးအတွက် ပြင် ဆင် ထားရမယ်၊ ဒီလို စိတ်ဓါတ်နဲ့ ကျမတို့လုပ်မှ အောင်မြင်မှု ရှိမှာပါ၊

နောက်ပြီးတော့လည်း ဒီလိုနိုင်ငံရေးအတွက် ကိုယ့် ရဲ့ ဘဝကို အနစ်နာခံ စွန့်လွှတ်ရတယ်ဆိုတာ ဒါ အင်မတန်မှ သိက္ခာရှိပါတယ်၊ အင်မတန်မှလည်း ကျေနပ်မှုရှိစရာပါ၊ အား လုံး ပြန်ပြီးတော့ စဉ်းစားကြပါ၊ ဒီဘဝမှာ ဘာလိုချင်ကြလဲ၊ မွေး လာတယ်၊ ကြီးလာတယ်၊နေသွားတယ် အိုသွားတယ်– ဒါပဲ လားလို့ ကျမတို့ အများကြီးစဉ်းစားစရာဖြစ်တယ်၊ ဒီဘဝမှာ လူဖြစ်လာပြီဆိုမှဖြင့် ဘာအတွက် လူဖြစ်လာတယ်ဆိုတာ ကျမတို့ စဉ်းစားဖို့ လိုပါတယ်၊ လူဖြစ်လာတယ်ဆိုတာ လာဘ် စားပြီးတော့ အိမ်တွေအများကြီးဆောက်ပြီးတော့ ကားတွေ အများကြီး ဝယ်ပြီးတော့ လူများအပေါ်မှ ကြွားဖို့ ဖြစ်လာတာ လားဆိုတာ စဉ်းစားရမယ်၊ တချို့က ဒီလိုဟာမျိုးကို နေရကျိုး နပ်တယ်လို့ ထင်ကြတယ်၊ ဒီလိုဟာမျိုးကို နေရကျိုးနပ်တယ် လို့ ထင်တဲ့သူများကတော့ ကျမတို့နဲ့ အင်မတန်မှ ကွာခြားပါ တယ်၊

အဲဒီတော့ ကျမတို့ အဖွဲ့ချုပ်ဝင်များ စဉ်းစားကြပါ၊ လူဖြစ်လာတယ်ဆိုတာ ဘာအတွက် ဖြစ်လာတာလဲ၊ လူဖြစ် လာတယ်ဆိုတာ လူ့အရည်အချင်းကို မြှင့်တင်ချင်လို့ လူဖြစ် လာတာဖြစ်ရမယ်၊ လူဖြစ်လာမှ ကိုယ့်လူသားတွေရဲ့ အရည်အ ချင်းကို ကိုယ် တနည်းမဟုတ်တနည်းနည်းနဲ့ မြှင့်တင်နိုင်ရမှာ ပေါ့၊ စာပေသမား ဆိုရင်လည်း စာပေဖက်ကနေပြီးတော့ မြှင့် တင်နိုင်ရမယ်၊ သိပ္ပံသမားဆိုရင်လည်း သိပ္ပံဖက်ကနေပြီးတော့ မြှင့်တင်နိုင်ရမယ်၊ ဘာသာရေးနဲ့ ဆိုင်တဲ့သူဆိုရင်လည်း ဘာ သာရေးဖက်ကနေ မြှင့်တင်နိုင်ရမယ်၊ ကျမတို့က နိုင်ငံရေး သ မားတွေပဲ၊ နိုင်ငံရေးအရ လူ့အဆင့်အတန်းကို ကျမတို့က မြှင့် တင်နိုင်ရမယ်၊ နိုင်ငံရေးအရ လူ့အဆင့်အတန်းကို မြှင့်တင်နိုင် မှ ကျမတို့ဟာ လူဖြစ်ရကျိုးနပ်တယ်လို့ သတ်မှတ်နိုင်မယ်၊ ဒီ လိုစိတ်ထားမထားနိုင်ရင်တော့ ကိုယ့်ကိုယ်ကိုယ် နိုင်ငံရေး သမားလို့လည်း မခေါ်သင့်ဘူး၊ နိုင်ငံရေးနယ်ထဲမှာလည်း ဝင် ပြီးတော့ မလုပ်သင့်ဘူး၊

ဒါပေမယ့် နိုင်ငံရေးနယ်ပယ်ထဲမှာ ဝင်လုပ်သည်ဖြစ် စေ ဝင်မလုပ်သည်ဖြစ်စေ ကျမတို့ ဘယ်တယောက်မှ နိုင်ငံရေး



*ကျမတို့က နိုင်ငံရေးသမားတွေပဲ၊ နိုင်ငံရေးအရ လူ့အဆင့်အတန်းကို ကျမတို့က မြှင့်တင်နိုင်ရမယ်၊ နိုင်ငံရေးအရ လူ့ အဆင့်အတန်းကို မြှင့်တင်နိုင်မှ ကျမတို့ ဟာ လူဖြစ်ရကျိုးနပ်တယ်လို့ သတ်မှတ်နိုင် မယ်၊ ဒီ လိုစိတ်ထားမထားနိုင်ရင်တော့ ကိုယ့်ကိုယ်ကိုယ် နိုင်ငံရေး သမားလို့လည်း မခေါ်သင့်ဘူး၊ နိုင်ငံရေးနယ်ထဲမှာလည်း ဝင် ပြီးတော့ မလုပ်သင့်ဘူး၊*

ကို ရှောင်လွှဲနိုင်မှာ မဟုတ်ဘူး၊ ကျမတို့ ဘယ်လောက်ရှောင် ရှောင် နိုင်ငံရေးက ကျမတို့က လာပြီးတော့ တိုက်မှာပဲ၊ လာ ပြီးတော့ ပတ်မှာပဲ၊ ဘာဖြစ်လို့လည်း ဆိုတော့ လူ့ဘဝနဲ့ နိုင် ငံရေးဆိုတာ ဘယ်လိုမှ မကင်းကွာနိုင်ဘူး၊ ယဉ်ကျေးတဲ့ လူ့ အသိုင်းအဝိုင်းထဲ ရောက်လာပြီဆိုမှဖြင့် နိုင်ငံရေးဟာ ပါမှာပဲ၊ သူတို့အင်္ဂလိပ်စကားလုံး–ဟုတ်လား၊ နိုင်ငံရေးဟာ Politice. Politice၊ ဆိုတာ Police ဆိုတာဟာ မြို့နယ်ပေါ့၊ မြို့ဆိုတဲ့ စကားကနေလာတာ၊ ဘာဖြစ်လို့လည်းဆိုတော့ အရင်တုန်း က နိုင်ငံရေးအဖွဲ့အစည်းလေးတွေဆိုတာ မြို့ကိုသာ အခြေခံ တာကိုး၊ နိုင်ငံတနိုင်ငံလုံးကို အခြေခံတာမှမဟုတ်ပဲ၊ အဲဒီတော့ လူ့အသိုင်းအဝိုင်းကို အခြေခံတဲ့ကိစ္စဆိုတာ ဒါ နိုင်ငံရေးပဲ၊ နောက်ဆုံးတော့ ဒါပါပဲ၊ ရပ်ကျေး အဆင့်မှာဆိုရင် ရပ်ကျေး ကို အခြေခံတာဟာ ဒါ နိုင်ငံရေးပဲ၊ မြို့နယ်အဆင့်မှာဆိုရင် မြို့ နယ်ကို အခြေခံတာ နိုင်ငံရေးပဲ၊ တိုင်းပြည်တပြည်အဆင့်မှာ ဆိုရင်တော့ တိုင်းပြည်တပြည်လုံးကို အခြေခံတာ နိုင်ငံရေးပေါ့၊ အဲဒီတော့ ကျမတို့ဟာ ဘယ်တော့မှ နိုင်ငံရေးနဲ့ ကင်းမှာ မ ဟုတ်ဘူးနော်၊ ကင်းတယ်လို့များမထင်ပါနဲ့၊

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကနေ နုတ်ထွက် လိုက်လို့ နိုင်ငံရေးနဲ့ ကင်းသွားပြီလို့ ဘယ်တော့မှ မထင်လိုက် ပါနဲ့၊ ဘယ်တော့မှ မကင်းဘူး၊ နိုင်ငံရေးဟာ ကိုယ့်နောက်ကနေ ကပ်ပြီးတော့ လိုက်နေမှာပဲ၊ ဒီလိုအမျိုးသားဒီမိုကရေစီ အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကနေ ထွက်လိုက်ပြီဆိုတဲ့ဟာ ဖိအားပေးလို့ပဲဖြစ်စေ ဘာလို့ပဲဖြစ်စေ ထွက်လိုက်ပြီဆိုကတည်းက ဒါ နိုင်ငံရေးကြောင့် ထွက်လိုက်တယ်၊ နိုင်ငံရေးကြောင့် လုပ်လိုက်တဲ့ကိစ္စပဲ၊ အဲဒီတော့ နိုင်ငံရေးကြောင့် လုပ်လိုက်တဲ့ကိစ္စမို့ နိုင်ငံရေးအရ အကျိုးဆက်တွေဟာ တသက်လုံးဆက်ပြီးတော့ ပါလာမယ်ဆိုတာ အဲဒါမှတ်ထား၊ မပါလာဘူးလို့ မထင်ပါနဲ့။

အဲဒီတော့ ကျမတို့ နိုင်ငံရေးကို ရှောင်လို့မရဘူးနော်၊ ရှောင်လို့မရတဲ့အားတော့ ပြေးပြီးတွေ့တာပဲကောင်းတယ်၊ ဒီတော့ ကျမတို့ဟာ နိုင်ငံရေးကို ရှောင်လို့မရတော့ နိုင်ငံရေးကို ပီပီပြင်ပြင် လုပ်သွားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဆက်ပြီးတော့ လုပ်သွားဖို့လိုတယ်၊ ဒါမှ ကိုယ်က နိုင်ငံရေးမှာ အောင်မြင်မှု ယူနိုင်မှာ၊ ကိုယ်က နိုင်ငံရေးကို ရှောင်ဖို့ ကြိုးစားရင် နိုင်ငံရေးက ကိုယ့်ကို အောင်မြင်မှုယူပြီး ကိုယ်မလိုချင်တဲ့ဟာဖြစ်သွားပါလိမ့်မယ်၊ ဆိုတော့ ကျမတို့အဖွဲ့ချုပ်ဟာ အခု ပြန်ပြီးတော့ ဖွဲ့စည်းတဲ့အချိန်ကစပြီးတော့ ပြည်နယ်တိုင်းတွေကို ပြန်ပြီးတော့ ဖွဲ့စည်းတဲ့အချိန်ကစပြီး ပိုပြီးတော့ ပီပီပြင်ပြင်လုပ်တယ်ဆိုတာကို ကျမတို့ မြင်ချင်ပါတယ်၊ အဲဒီလို လုပ်တဲ့နေရာမှာ ရောဝတီတိုင်းကနေပြီးတော့ ပထမဦးဆုံး ပြန်လည်ပြီးတော့ ဖွဲ့စည်းပြီးတဲ့အခါမှာ စုစည်းမိတဲ့တိုင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရှေ့ဆောင်တိုင်းအဖြစ်နဲ့ လုပ်သွားစေချင်တယ်၊ အခက်အခဲများတဲ့ တိုင်းမို့လို့ကို ပိုပြီးတော့ လုပ်စေချင်တယ်၊



ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များဟာ ခံရဲတဲ့သတ္တိလည်းရှိတယ်၊ လုပ်ရဲတဲ့သတ္တိလည်း ရှိတယ်ဆိုတာကို ရောဝတီတိုင်းကနေ စပြီးတော့ ပြသွားစေချင်တယ်၊ ရောဝတီတိုင်းကို တခြားပြည်နယ် တခြားတိုင်းတွေက နမူနာယူလောက်တဲ့တိုင်းဖြစ်တယ်လို့ ကျမတို့ ဒီလိုပြောတာကို ကြားချင်တယ်၊ အဲဒီတော့ အခုရောက်လာတဲ့ မြို့နယ်တွေက ပြန်သွားလို့ရှိရင် ကိုယ့်မြို့နယ်မှာကိုယ် ပီပီပြင်ပြင် စည်းရုံးရေးကို ဆင်းကြပါ၊ မြို့နယ်ဆိုတာ ရပ်ကျေးတွေနဲ့ အများကြီးဆိုင်တယ်၊

ကျမတို့နိုင်ငံမှာ လူ ၈၀ ရာခိုင်နှုန်းလောက်ဟာ ရပ်ကျေးမှာ တောရွာဒေသမှာ နေတဲ့သူတွေဖြစ်ပါတယ်၊ အဲဒီတော့ ဒီရပ်ကျေးက ပြည်သူလူထုနဲ့ ထိတွေ့မှုဆိုတာ တချိန်လုံးရှိနေရမယ်၊ မြို့ပေါ်မှာပဲ ထိုင်နေလို့မဖြစ်ပါဘူး၊ မြို့ပေါ်မှာပဲ ထိုင်နေတဲ့ နိုင်ငံရေးဆိုတာဟာ မြန်မာနိုင်ငံလို နိုင်ငံနဲ့ သင့်တော်တဲ့ နိုင်ငံရေးမျိုးမဟုတ်ဘူး၊ ကျေးလက်တောရွာတွေကိုဆင်းတဲ့ နိုင်ငံရေးမျိုးဖြစ်ရမယ်၊

အဲဒီလို နိုင်ငံရေးလုပ်ပြီးတော့ ပြည်သူလူထုအားလုံးဟာ ဒီနိုင်ငံမှာ ဘာဖြစ်နေလဲဆိုတာ သိအောင်လုပ်ရမယ်၊ ဒါ ဝါဒဖြန့်ချိရေးနဲ့ဆိုင်တာပေါ့၊ စောစောက လပ္ပတ္တာက ပြောသွားသလိုပေါ့၊ နိုင်ငံရေးဆိုတာ စည်းရုံးရေးနဲ့ ဝါဒဖြန့်ချိရေးပဲ၊ စည်းရုံးရေး လုပ်တဲ့အခါ ဝါဒဖြန့်ချိရေး ပါရတာပေါ့၊ ကိုယ့်အဖွဲ့အစည်းက ဘာလုပ်နေသလဲ၊ ဘာဖြစ်နေသလဲ ဒီကမ္ဘာကြီးမှာ ဘာဖြစ်နေသလဲ၊ ကမ္ဘာကြီးက ဘယ်လိုမြင်သလဲ၊ ကျမတို့ကို ဘာဖြစ်လို့ ကမ္ဘာက ထောက်ခံလဲ၊

ဒီကိစ္စနဲ့ ပတ်သက်လို့ရှိရင် ထောက်လှမ်းရေးနဲ့ ပတ်သက်တဲ့ အရာရှိတယောက်က ကျမတို့ထဲက လူကြီး တယောက်ကို ပြောပါတယ်၊ ကမ္ဘာက ဘာဖြစ်လို့ NLD ပြောတာပဲ နားထောင်နေပြီးတော့ သူတို့ ပြောတာကို နားမထောင်လဲလို့ မေးတဲ့မေးခွန်းမျိုးပါ၊ ကမ္ဘာက ကျမတို့ NLD ကို ဘာဖြစ်လို့ နားထောင်တာလဲဆိုတော့ သူတို့ ကျမတို့ပြောတာတွေ တင် နားထောင်တာမဟုတ်ပါဘူး၊ နဝတ ပြောတာတွေကိုလည်း နားထောင်တာပေါ့၊ နှစ်ဖက်စလုံး နားထောင်ပြီးတော့ သူတို့ဟာသူတို့ သူတို့ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်တာပဲ၊ ဘယ်အဖွဲ့အစည်းပြောတဲ့ စကားတွေဟာ ပိုပြီးတော့ ယုံကြည်စရာရှိတယ်ဆိုတာ သူတို့ ဆုံးဖြတ်သွားမှာပဲ၊

ဘယ်အဖွဲ့အစည်းပြောတဲ့စကားတွေဟာ ပိုပြီးတော့ အဆင့်အတန်းရှိတယ်၊ ပိုပြီးတော့ လေးနက်တယ်ဆိုတာ သူတို့ ဆုံးဖြတ်သွားမှာပါ၊

ကျမတို့က ကျမတို့ကို ဘယ်လောက်ပဲ ထောက်ခံပါ ထောက်ခံပါပြောပြော ကျမတို့ရဲ့ လုပ်ရပ်တွေဟာ ထောက်

www.burmeseclassic.com

www.burmeseclassic.com





ခံစရာမကောင်းရင် ဘာမှထောက်ခံမှာ မဟုတ်ဘူး၊ ကျမ ဘယ်နိုင်ငံကိုမှ ဘာပေးမယ်ဆိုပြီးတော့ စည်းရုံးခဲ့တာ မရှိဘူး၊ ကျမတို့မှန်ကန်တာ လုပ်လို့ ထောက်ခံပါလို့၊ ဒါပဲ ကျမတို့ပြောတယ်၊ ဘယ်နိုင်ငံကိုမှ ဒီမိုကရေစီရရင် ဘယ်လိုအခွင့်အရေးရရပါစေ့မယ်လို့ ကျမတို့ မပြောခဲ့ဘူး၊ ပြောဖို့လည်းမစဉ်းစားဘူး၊ ဘာစီးပွားရေး အခွင့်အရေးမှလည်း မပေးဘူး၊ ဘာနိုင်ငံရေး အခွင့်အရေးမှလည်း မပေးဘူး၊ ကျမတို့ရဲ့လုပ်ရပ်ကို ထောက်ခံ တယ်ဆိုလို့ရှိရင် မှန်ကန်တယ်ထင်လို့ထောက်ခံပါ၊ မှန်ကန်တယ် တရားတယ်ဆိုလို့ရှိရင် ထောက်ခံဖို့ တာဝန်ကို ရှိတယ် ဒါကြောင့် ထောက်ခံပါလို့ ကျမတို့က အမြဲပြောတယ်၊

နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ မိမိတို့ရှိတဲ့ တာဝန်အရ မှန်ကန်တဲ့ဖက်က ရပ်တည်ပါလို့ ကျမတို့ ဒီလိုပဲ စည်းရုံးတာပါ၊ ဒါပေမယ့် ကျမတို့ဖက်က မှန်ကန်တယ်ဆိုတာကိုလည်း ပြဖို့ လိုတယ်၊ ဒါကြောင့်မို့ ကျမတို့ ထောက်ပြတယ်၊ ဘာဖြစ်လို့ ကျမတို့ဖက်က မှန်လဲ၊ ဘာဖြစ်လို့ ကျမတို့က ကျမတို့ကို ထောက်ခံဖို့လိုတယ်ပြောသလဲ၊ ဥပဒေ စိုးမိုးမှု မရှိဘူးဆိုတာ ဘာဖြစ်လို့ ဒီလိုပြောလဲ၊ ဒီနိုင်ငံမှာ စစ်မှန်တဲ့ တိုးတက်မှု မရှိဘူးဆိုတာ ဘာဖြစ်လို့ ကျမတို့ ပြောရလဲဆိုတာ ဒါတွေ ကျမတို့ အများကြီးရှင်းပြတယ်၊ ရှင်းပြတဲ့အခါ နဝတက ဒါ အစိုးရကို တိုက်ခိုက်တယ်လို့ မြင်တယ်၊ ဒါ ကျမတို့ တိုက်ခိုက်တာ မဟုတ်ဘူး၊ ဒါ နိုင်ငံရေးအရ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို လုပ်နေတာပဲ၊ ကျမတို့ကို ထောက်ခံပါဆိုပြီးတော့ ဘာဖြစ်လို့ ထောက်ခံရမယ်ဆိုတဲ့ အကြောင်းပြချက် မပြနိုင်ရင် ဘယ်သူက ထောက်ခံမှာလဲ၊

ဒီမိုကရေစီ လိုချင်တယ်၊ အပြောင်းအလဲ လိုတယ်၊ ဒီမိုကရေစီ အစိုးရတခု အမြန်ဆုံး ပေါ်ပေါက်လာဖို့လိုတယ်လို့ ကျမတို့ ပြောတယ်၊ ဘာဖြစ်လို့ ပေါ်ပေါက်လာဖို့လိုလည်း ဆိုတာ ကျမတို့ မပြနိုင်လို့ရှိရင် ဘယ်သူက ကျမတို့ကို ယုံကြည်မှာလဲ၊ ဒီတော့ ကျမတို့ ထောက်ပြရတယ်၊ ဒီနိုင်ငံမှာ ဘာ ချို့ယွင်းချက်တွေ ရှိသလဲ၊ ဒီချို့ယွင်းချက်တွေ ပျောက်သွားဖို့ အတွက် ဒီမိုကရေစီလိုတယ်၊ ဒါကြောင့်မို့ ကျမတို့ ထောက်ပြတယ်၊

ဒီနိုင်ငံမှာဆိုရင် လာဘ်စားမှုတွေ အများကြီးရှိတယ်၊ ဘာဖြစ်လို့ လာဘ်စားမှုရှိလဲ၊ လာဘ်စားမှုရှိတယ်ဆိုတာ ပြည်သူလူထုက ချုပ်ကိုင်ထားနိုင်တဲ့အစိုးရမရှိလို့ပေါ့၊ ပြည်သူလူထုက အစိုးရတခုကို ချုပ်ကိုင်ထားနိုင်တယ်ဆိုလို့ရှိရင် တော်ရုံတန်ရုံ လာဘ်စားချင်တဲ့ ဝန်ကြီးတောင်မှ လာဘ်မစားရဲဘူး၊ လာဘ်စားလိုက်ရင် အလုပ်ပြုတ်မှာကိုး၊ ရွေးကောက်ပွဲ ကျလို့ရှိရင် နောက်ထပ်ပြီးတော့ အရွေးခံရမှာမဟုတ်ဘူး၊ အဲဒီတော့ ဒါတွေကြောင့်မို့လို့ သူကနေပြီးတော့ ချင့်ချင့်ချိန်ချိန် နေရတယ်၊

ဒီအတိုင်းပဲ ဒီနိုင်ငံမှာ စီးပွားရေးလုပ်ဖို့ခေါ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com






ကျမတို့က စီးပွားရေး ဒီအချိန်မှာ ဒီနိုင်ငံမှာ စီးပွားရေး ရင်းနှီးမြှုပ်နှံရမယ့်အချိန် မဟုတ်သေးဘူးဆိုပြီးတော့ ကျမတို့ ပြောတယ်၊ ဘာဖြစ်လို့ပြောလဲ၊ ရှင်းပြရတာပေါ့၊ ကျမတို့ ဘာဖြစ်လို့ ဒီလို ရှင်းပြရတာလဲဆိုတော့ ဒီနိုင်ငံမှာ အဓိက ပြသနာဟာ ရင်းနှီးမြှုပ်နှံမှု ငွေလိုနေတဲ့ ပြသနာ မဟုတ်ဘူး၊ မှန်မှန်ကန်ကန် ရင်းနှီးမြှုပ်နှံမှုတွေကို မသုံးတတ်တဲ့ ပြသနာ၊ နောက်ဆုံးကျတော့ အုပ်ချုပ်ရေးဖက်ဆိုင်ရာမှာ မှန်ကန်မှု မရှိတဲ့ ပြသနာပဲ၊ အုပ်ချုပ်ရေးဖက်မှာ မှန်ကန်မှု မရှိလို့ရှိရင် ဘယ်လောက်ပဲ ငွေတွေ ရင်းနှီးရင်းနှီး ဒီငွေတွေဟာ အလဟာသ ဖြစ်သွားမှာပဲ၊ တိုင်းပြည်ကို အကျိုးပြုမှာမဟုတ်ဘူး၊ ဒါတွေကြောင့်မို့လို့ ဒီအချိန်မှာဒါတွေကို မရင်းနှီးပါနဲ့ဦး ဆိုပြီးတော့ ကျမတို့ ပြောတာပဲ၊

အဲဒီတော့ ဒီလို စီးပွားရေးအရ အောင်မြင်မှု မရှိဘူး၊ ဒီလို စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှု မလုပ်သင့်ဘူး၊ ဥပဒေ စိုးမိုးရေး မရှိဘူး၊ ဥပဒေ စိုးမိုးရေးကိုဖြစ်မြောက်အောင်လို့ မလုပ်နိုင်တဲ့အစိုးရဆိုတာ နိုင်ငံကိုတည်ငြိမ်အောင် လုပ်နိုင်တဲ့ အစိုးရ မဟုတ်ဘူး စသဖြင့် ကျမတို့ ပြောတဲ့ကိစ္စတွေဟာ နဝတကို ကျမတို့ သက်သက် တိုက်ခိုက်ချင်လို့ ပြောတာမဟုတ်ဘူး၊ ကျမတို့ ဘာဖြစ်လို့ ဒီမိုကရေစီကို အမြန်ဆုံးလိုတယ်ဆိုတာကို ထင်ရှားစေချင်လို့ ပြောတာပဲ၊

နောက်ပြီးတော့ ဒီ လုပ်အားပေးကိစ္စတွေကို ပြောမယ်၊ လုပ်အားပေးကိစ္စတွေဟာ တကယ်ဖြစ်နေတဲ့ကိစ္စတွေပဲ၊ လုပ်အားပေးကို ကျမတို့ ကန့်ကွက်တယ်၊ လုပ်အားပေးဆိုတဲ့ အလေ့အကျင့်ဟာ အင်မတန်မှ ဆိုးရွားတယ်ဆိုတာ ကျမတို့ ပြောတာဟာလည်း ဒါ နဝတကို အားအားယားယား တိုက်ခိုက်ချင်လို့ ပြောတာမှ မဟုတ်ပဲ၊ လုပ်အားပေးဆိုတာ ကောင်းမှမကောင်းတာ၊ ပြည်သူလူထုကို အများကြီးဒုက္ခပေး တဲ့စနစ်ပဲ၊ ဒီလိုစနစ်တခုကို ကျမတို့ ကန့်ကွက်ရမှာပဲ၊ ဒါ ကျမတို့ရဲ့ တာဝန်ဖြစ်တယ်၊ တာဝန်အရ ကျမတို့ ကန့်ကွက်သွားမှာပဲ၊

ကုန်ဈေးနှုန်းတွေ တက်နေတယ်၊ ကုန်ဈေးနှုန်းတွေ တက်နေတာ ဒီနေ့က ဘယ်လောက်လဲ ဆိုတာကို မေးနေရတယ်၊ တနေ့ထက်တနေ့ကို တက်နေတာပဲ၊ ကုန်ဈေးနှုန်းတွေ တက်နေတာ ဘယ်သူ့ ကြောင့်လဲ၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကြောင့်လို့ တချို့က ပြောချင်တဲ့သူတွေရှိတယ်၊ ဒီလောက်တောင်မှ ကျမတို့ အဖွဲ့ချုပ်ကနေ သြဇာအာဏာ ရှိလို့ရှိရင်လည်း သြဇာအာဏာ အားလုံးသာ လွှဲလိုက်တော့လို့ ကျမ အဲဒီလိုပဲ ပြောချင်တယ်၊ (လက်ခုပ်သံများ)

ဘာဖြစ်လို့လည်းဆိုတော့ ဘာမဆို ကျမတို့ကြောင့်ပဲ၊ ဘာမဆို ကျမတို့ ကြောင့်ပဲနဲ့၊ ဒီလောက်တောင်မှ ကျမတို့ သြဇာဟာ ဒီနိုင်ငံအပေါ်မှာ ညောင်းနေတယ်ဆိုရင်လည်း အုပ်ချုပ်ရေးအာဏာပါ ယူသင့်တဲ့ အဖွဲ့အစည်းပဲလို့ ဒီလို ကျမတို့ သတ်မှတ်ရမှာပဲ၊

အဲဒီတော့ အာဏာပိုင် အဖွဲ့အစည်း တခုဟာ တိုင်းပြည်ရဲ့ အာဏာကို ချုပ်ကိုင်ထားပြီးတော့ တိုင်းပြည် မှာ ဖြစ်နေတဲ့ ပြသနာတွေရဲ့ တာဝန်ကို မယူနိုင်ဘူးဆိုတာ ဒါ အဓိပ္ပါယ် မရှိဘူး၊ ဒီမိုကရေစီ အစိုးရဆိုလို့ရှိရင် အစိုးရတာဝန် ယူတယ်ဆိုရင် ဖြစ်သမျှ ပြသနာရဲ့ တာဝန်ကိုလည်း ယူရတာပဲ၊ ဘယ်လိုမှ ခေါင်းရှောင်လို့ မရဘူး၊ ခေါင်းရှောင်လို့ရှိရင် အတိုက်အခံ အဖွဲ့အစည်းတွေက ခင်ဗျားတို့ ဒီလောက်တောင် အသုံးမကျရင် ဆင်း ဆိုပြီး ဒီလိုပဲ ပြောမှာပဲ၊ အဲဒီတော့ ကျမတို့ အဖွဲ့ချုပ်ဟာ စနေတနင်္ဂနွေ ဟောပြောချက်များ အရပဲ ဖြစ်ဖြစ် ဒီလို အစည်းအဝေးတွေမှာပဲဖြစ်ဖြစ် ကျမတို့ အာဏာပိုင် အဖွဲ့အစည်းများကို ဝေဖန်တယ်ဆိုတာဟာ ဝေဖန်တယ် ၊ မှန်တယ်၊ ဝေဖန်စရာရှိလို့ ကျမတို့ ဝေဖန်တာပဲ၊

**အောင်ဆန်းစုကြည်**

(အသံနဲ့ ပြောကြားချက်တွေကိုဒေါ်စုမွေးနေ့ အထိမ်းအမှတ်အဖြစ် စကားလုံးများအသွင် ပြောင်းလဲဖြန့်ချိပါတယ်၊ လက်ဆင့်ကမ်း ဖြန့်ချိပေး ကြမယ်လို့လည်း ယုံကြည်ပါတယ်)

(ခင်မောင်ထိုက်–ဘားမားနေရှင်နယ် ဂျာနယ်)မှ စီစဉ်ပြီး တို့က ထုတ်ဝေ ဖြန့်ချိပါ တယ်၊

www.burmeseclassic.com

www.burmeseclassic.com

# အကယ်၍



အကယ်၍
မင်းအသိုင်းအဝိုင်း တုန်လှုပ်ချောက်ချားပြီး
ဒါတွေဟာ မင်းကြောင့်လို့ ဝိုင်းဝန်းအပြစ်တင်ကြတဲ့အခါ
မင်းဟာ တည်ငြိမ်စွာနဲ့ ရင်ဆိုင်နိုင်မယ်ဆိုရင်..
အကယ်၍
အားလုံးကမင်းကို မယုံသင်္ကာဖြစ်လာတဲ့အခါ
သူတို့ကို နားလည်စွာ ခွင့်လွှတ်ရင်းနဲ့
မင်းကိုယ်မင်း ယုံကြည်မှုအပြည့်ရှိမယ်ဆိုရင်...
အကယ်၍
စောင့်သင့်တဲ့အချိန်ကို စောင့်နိုင်ပြီး
အဲဒီအတွက်လည်း မမောမပန်း နေနိုင်မယ်ဆိုရင်...
ဒါမှမဟုတ်
မင်းရဲ့အကြောင်း မဟုတ်မတရား မုသားစကားကြားရတဲ့အခါ
မင်းကလည်း အလိမ်အညာတွေနဲ့ မတုန့်ပြန်ဘူးဆိုရင်..
ဒါမှမဟုတ်
မင်းကို လူတကာက ဝိုင်းဝန်းမုန်းတီးတဲ့အခါ
မင်းကလည်း အမုန်းတွေ ပြန်မပွားဘူးဆိုရင်...
အကယ်၍
စိတ်ကူးယဉ်အိပ်မက်တွေဟာ
မင်းအပေါ် မလွှမ်းမိုးစေပဲ
စိတ်ကူးနိုင်မယ်ဆိုရင်...
ပြီးတော့ အတွေးအခေါ် စိတ်ကူးတွေဟာ
မျှော်မှန်းချက် သက်သက်သာမဖြစ်စေပဲ တွေးခေါ်နိုင်မယ်ဆိုရင်
အကယ်၍
အောင်မြင်မှု သုခနဲ့ ဆုံးရှုံးမှုဒုက္ခတွေကို ကြုံတွေ့ရတဲ့အခါ
တူညီသော လောကဓံတရားတွေပါလားရယ်လို့
ခံယူထားနိုင်မယ်ဆိုရင်....
အကယ်၍
မင်းရဲ့ အမှန်စကားတွေကို
လူလိမ်လူညာတွေက လှည့်စားပြောင်းလဲပြီး
မုသားအဖြစ် ထောင်ချောက်ဆင် ညစ်တဲ့အခါ
မင်းဟာ တည်ငြိမ်စွာနဲ့ နားကြားနိုင်မယ်ဆိုရင်
အကယ်၍
မင်းဘဝတစ်ခုလုံးပေးပြီး
အရိပ်တကြည့်ကြည့်နဲ့ ပြုစုဆည်းပူးခဲ့ရတဲ့ အရာရာကို
ဖျက်ဆီးခံလိုက်ရပြီးတဲ့နောက်
အင်မတန်မှသေးငယ်တဲ့ တန်ဆာပလာ အရာရာနဲ့
ပြန်လည်တည်ဆောက်နိုင်မယ်ဆိုရင်....

အကယ်၍
မင်းနိုင်ခဲ့သမျှတွေအားလုံး
ကြွေတလှည့် ကြက်တခုန်မှာ
တလှည့်တခါတည်းနဲ့ ဆုံးရှုံးသွားခဲ့ရင်
ပြီးတော့..
အစကနေ ပြန်စနိုင်မယ်ဆိုရင်
ပြီးတော့တခါ
ဆိုးလှတဲ့ကံကြမ္မာရယ်လို့
ဘယ်သောအခါမှ ညည်းညူမနေဘူးဆိုရင်
အကယ်၍
သူများတကာတွေ လုပ်ပြီးသွားကြလို့
အချိန်အတော်ကြာမှ မင်းအလှည့်ရောက်လာတဲ့အခါ
မင်းတယောက်တည်းနဲ့ပဲ
အားနဲ့ မာန်နဲ့ ခွဲသတ္တိရှိရှိ ဆက်ကြိုးစားနိုင်မယ်ဆိုရင်
အဲဒီလိုပဲ
မင်းမှာ စိတ်အင်အားကလွဲလို့ ဘာဆိုဘာမှ မရှိတော့တဲ့အခါ
အဲဒီစိတ်အင်အားကို ခိုင်မာစွာနဲ့ပဲ
လက်ဆုပ်လက်ကိုင်ထားနိုင်မယ်ဆိုရင်
အကယ်၍
လူတွေနဲ့ ထိတွေ့ဆက်ဆံ ပြောဆိုတဲ့အခါ
ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းနိုင်မယ်ဆိုရင်
ဒါမှမဟုတ်
မင်းဧကရာဇ်တွေနဲ့အတူ လမ်းလျှောက်နေရပေမယ့်
မာန် မာန ထွေး မကြွဘူးဆိုရင်
အကယ်၍
ရန်သူကဖြစ်စေ၊ မိတ်ဆွေကဖြစ်စေ
မင်းကို နာကျည်းအောင် မလုပ်နိုင်စေရင်
အကယ်၍
လူတိုင်းကို တန်ဖိုးထားလေးစားပေမယ့်
ခွဲလန့်မှု သံယောဇဉ်တွေ ထားမနေဘူးဆိုရင်
အကယ်၍
တိုတောင်းလှတဲ့ မပစ်ပယ်နိုင်တဲ့ တမိနစ်အတွင်းမှာ
အဓိပ္ပါယ်ရှိတဲ့ စက္ကန့်ခြောက်ဆယ်အဖြစ် အသုံးချနိုင်မယ်ဆိုရင်
ငါ့သားရေ..
မင်းဟာ.. အရာရာရှိတဲ့ အရာရာဖြစ်တဲ့ ကမ္ဘာကြီးကို ဆုပ်ကိုင်လို့
အရာရာ ဘာမဆို မင်းစွမ်းနိုင်ပြီပေါ့..
အဲဒီတော့ မင်းဟာလည်း ယောကျ်ားကောင်းတယောက်ပဲပေါ့..။ ။

**အောင်ဆန်းစုကြည်**

ဒေါ်အောင်ဆန်းစုကြည်တာ NLD လူငယ်တွေကို ၁၉၈၉ ခုနှစ်မှာ အမှာစကားပြောရင်း ဒီ IF ကဗျာကို ပြန်ဆိုပြခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com






ညှန်ကြားချက် စောင့်ပြီးတော့ လုပ်တဲ့အလုပ်မျိုးကိုလည်း မလုပ်ကြပါနဲ့၊ ကျမတို့ ညွှန်ကြားချက်ကို ပေးသင့် သလောက် ပေးမယ်၊ ပေးနိုင်သလောက် ပေးမယ်၊ ဒါပေမယ့် ဒီမိုကရေစီ ဆို ကတည်းကိုက ဒါ ပြည်သူလူထုရဲ့ အုပ်ချုပ်မှုပဲ၊ အောက်ခြေက နေပြီးတော့ ကိုယ်လုပ်သင့်လုပ်ထိုက်တာတွေ ကို တာဝန်သိသိနဲ့ လုပ်ရဲရမယ်၊ လုပ်ရမယ်၊



နောက်ဆုံးတော့ ကျမတို့ရဲ့စည်းရုံးရေးဟာ ပြည်သူလူထု စည်းရုံးရေးပဲ၊ ပြည်သူလူထု အများစုကနေပြီး တော့ မားမား မတ်မတ်နဲ့ အဖွဲ့ချုပ်အနောက်ကနေပြီးတော့ ရပ်တည်နေမယ် ဆိုရင် ကျမတို့ လုပ်ငန်းဟာ မုချ အောင်မြင်ရမယ်၊



K M Htike

နိုင်ငံရေးအတွက် ကိုယ့်ရဲ့ဘဝကို အနစ်နာခံ စွန့်လွှတ်ရတယ် ဆိုတာ ဒါ အင်မတန်မှ သိက္ခာရှိပါတယ်၊ အင်မတန်မှလည်း ကျေနပ်မှုရှိစရာပါ၊ အားလုံး ပြန်ပြီးတော့ စဉ်းစားကြပါ၊

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အသက်(၆၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် အဖြစ် ထုတ်ဝေပါတယ်။

www.burmeseclassic.com